**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၈ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

**နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် **“ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ/ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်/ လူမှုရေးရာဝန်ကြီး<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူး<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဓ) တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဈ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(ဋ) တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဌ) တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဎ) ကိုယ်စားလှယ် ( ၁ ) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကင်းထောက်အမျိုးသားအဖွဲ့

(ဏ) ကိုယ်စားလှယ် ( ၁ ) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့

(တ) ကိုယ်စားလှယ် ( ၁ ) ဦး အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်
ကြက်ခြေနီကြီးကြပ်မှုကော်မတီ

(ထ) ကိုယ်စားလှယ်(၁)ဦး အဖွဲ့ဝင်
လူငယ်ကိုယ်စားလှယ်

| | | |
|---|---|---|
| (ဒ) | ကိုယ်စားလှယ်(၁)ဦး<br>အမျိုးသမီးငယ်ရွယ်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဓ) | ကိုယ်စားလှယ်(၁)ဦး<br>မသန်စွမ်းလူငယ်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ပ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ က တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ လူငယ်ရေးရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရမည်၊

(ဂ) သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီများမှ တင်ပြလာသောဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄ – ၆ – ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၃ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး